# မြန်မာစစ်တပ်၏ ဝါဒဖြန့်ချိမှုများ

## လေ့လာမှု စာစဉ်

## အမှတ် (၇)

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်

ဤလေ့လာမှုများသည် ၂၀၂၄ခုနှစ် ဇန်နဝါရီလ ၁၇ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း မြန်မာစစ်တပ်နှင့် ၎င်းတို့အား ထောက်ခံအားပေးသည့် Telegram Channel များတွင် တင်ပြထားသည့် သတင်းအချက်အလက်များကို ဆန်းစစ်ထားခြင်းဖြစ်သည်။ အဆိုပါ သတင်းတင်ပြချက်များတွင် ပြည်သူများ၊ မြန်မာစစ်တပ်ထောက်ခံသူများနှင့် တော်လှန်ရေးအင်အားစုများအား ဝါဒဖြန့်ချိမှုအဖြစ် စနစ်တကျ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ဗမာ့ပြည်တွင်းစစ်ပြတိုက် (Burma Civil War Museum – BCM) မှ ရှုမြင်သုံးသပ်ပါသည်။ ထိုဖော်ပြချက်များ အနက်မှ ၂ ပတ်တာ ကာလအတွင်း အဓိက အကြောင်းအရာများအား ပြန်လည်စုစည်းသုံးသပ်ထားခြင်း ဖြစ်ပါသည်။

ဤလေ့လာမှုကာလအတွင်း မြန်မာစစ်တပ်နှင့် ၎င်းတို့အား ထောက်ခံအားပေးသည့် Telegram Channel များတွင် လက်ရှိဖြစ်ပွားနေသော ပြည်တွင်းစစ်အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအား သတင်းတု သတင်းအမှားများဖြင့် ပုံဖျက်တိုက်ခိုက်မှုများကိုလည်းကောင်း လုပ်ဆောင်နေခဲ့ကြသည်။ ယခုစာစဉ်တွင်မူ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့သည့် ကာလအတွင်း အဓိက ဝါဒဖြန့်ချိလာသည့် အကြောင်းအရာ လေးခုနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးထားပါသည်။ ၎င်းတို့မှာ **(၁) တော်လှန်ရေး အင်အားစုများအား ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများ အဖြစ် ပုံဖော်ခြင်း၊ (၂) တော်လှန်ရေး အင်အားစုများအား ဆန့်ကျင်ရှုတ်ချကြောင်း လှုပ်ရှားမှုများ၊ (၃) လူမျိုးရေး ပဋိပက္ခဖြစ်စေရန် ရည်ရွယ် ဝါဒဖြန့်ချိခြင်း**နှင့် **(၄) ပြည်သူ့စစ် လှုပ်ရှားမှုများ** တို့ဖြစ်ပါသည်။

**(၁) တော်လှန်ရေး အင်အားစုများအား ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများ အဖြစ် ပုံဖော်ခြင်း။**

လက်နက်ကိုင်တော်လှန်ရေး အင်အားစုများဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော်၊ ညီနောင်မဟာမိတ်(၃)ဖွဲ့နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တို့အပါအဝင် ၎င်းတို့၏ မိတ်ဖက်အင်အားစုများသည် ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက် နေသူများဖြစ်သည် ဟူသော ဝါဒဖြန့်ချိမှုများကို မြန်မာစစ်တပ်ကို ထောက်ခံအားပေးသည့် Telegram Channel များတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ ဖော်ပြမှုများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် စတင်ဖော်ပြခဲ့ပြီး ယခုလေ့လာမှုကာလအတွင်း ပိုမိုအားကောင်းလာခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖော်ပြချက်များတွင် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများမှ ဗုဒ္ဓဘာသာဝင်များ၏ စေတီပုထိုးများ အပါအဝင် သာသနိက အဆောက်အဦများကို ဖျက်ဆီးခြင်း၊ ထိုသို့ဖျက်ဆီးရန် အကြမ်းဖက်သမားများကို စေလွှတ်ခြင်းနှင့် ဗုဒ္ဓဘာသာ ရဟန်းသံဃာများကို ဖမ်းဆီး သတ်ဖြတ်ခြင်းများကို လုပ်ဆောင်ခဲ့သည် ဟူသော အချက်များ ပါဝင်သည်။

အဆိုပါ ဖြစ်စဉ်များကို သတင်းဖော်ပြချက်များအဖြစ် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) မှ မိုးမိတ်မြို့ ရှိ၊ ပုဗ္ဗာရုံကျောင်းတိုက်အား တိုက်ခိုက်ဖျက်ဆီးခဲ့ခြင်း[1]၊ တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ စေတီအား ဖြိုချဖျက်ဆီးခြင်း[2]၊ PDF တပ်ရင်းများဖြစ်သည့် ရင်း (၁၀၀၅)၊ ရင်း (၁၀၀၈)နှင့် ရှမ်းပြည် (တောင်ပိုင်း) ဒေသခံတော်လှန်ရေး တပ်ပေါင်းစု (SSLRU) တို့မှ ဆီဆိုင်မြို့လယ် ဓမ္မာရုံနှင့် ကောင်းမှုဗွာ ဘုန်းကြီးကျောင်းတို့အား drop bomb များဖြင့် တိုက်ခိုက်ခြင်း[3] စသည့် သတင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် လားရှိုးမြို့ရှိ စေတီတဆူအား ဖုံးခွဲရန် MNDAA မှ စေလွှတ်ခဲ့သူအား ဖမ်းဆီးရရှိကြောင်း ဗီဒီယိုတခုအားလည်း အဆိုပါ Telegram Channel များတွင် ဖော်ပြခဲ့ကြသည်။ အဆိုပါ ဗီဒီယိုတွင် အရပ်သားတဦးအား အခြား အရပ်သားများမှ စစ်မေးနေသည်ကိုတွေ့ရပြီး မည်သည့်နေရာ (သို့မဟုတ်)အချိန်တွင် ဖြစ်ပွားခဲ့ကြောင်း မသိရှိရပေ။ သို့သော်လည်း အဆိုပါ ဗီဒီယိုကို *"(MNDAA) အဖွဲ့က ဗုံးခွဲဖို့ လွှတ်ခံရသူကို အရပ်သားတွေကဖမ်းတယ်။ ဒီလူဟာ ကိုးကန့်လူမျိုးမဟုတ်ဘူး။ ဘာလူမျိုးလဲမသိသေးဘူး။ ဗမာစကားလည်း မပြောတတ်ဘူး။"*[4] ဟူသော စာသားများဖြင့် Telegram Channel များတွင် ဖြန့်ဝေခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များအား တော်လှန်ရေး အင်အားစုများမှ ဖမ်းဆီးခြင်းနှင့် သတ်ဖြတ်မှုများ လုပ်ဆောင်နေကြောင်း သတင်းဖော်ပြချက်များကို ဖြန့်ချိရာတွင်လည်း မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ခတက်ချဉ်ကုန်းကျေးရွာ

---

[1] https://t.me/snowqueen023/45440

[2] https://t.me/asiannweschannel/154

[3] https://t.me/shwenaykyar/54383

[4] https://t.me/asiannweschannel/102

အုပ်စု၊ စိုက်ကွင်းကျေးရွာရှိ မဟာဗောဓိဘုန်းကြီးကျောင်း၌ ဒုလ္လဘရဟန်းဝတ်နေသည့် ဦးသုဝဏ္ဏအား အကြမ်းဖက်များလာရောက် ပစ်ခတ် သတ်ဖြတ်ခြင်း[5]နှင့် မိုးမိတ်မြို့တွင် သံဃာတပါး အဖမ်းခံရမှုနှင့် ပတ်သက်၍ *"မိုးမိတ်မှာ ဗုဒ္ဓရဟန်း တစ်ပါးကို KIA (ခရစ်ယာန်) အစွန်းရောက်တွေက ဖမ်းဆီးသွားပြန်ပြီ။ သို့သော် ဗုဒ္ဓဘာသာဝင်တွေ သွေးအေးနေဆဲ၊ အေးဆေးနေဆဲ။"*[6] ဟူသော ဖော်ပြချက်များဖြင့် သတင်းဖြန့်ချိခဲ့မှုများကို လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ဤ ဖော်ပြချက်များအပေါ် လေ့လာမှုများအရ တော်လှန်ရေး အင်အားစု များမှ ဗုဒ္ဓဘာသာ စေတီ၊ ပုထိုးနှင့် သာသနာ့ အဆောက်အဦများကိုလည်းကောင်း၊ ရဟန်းသံဃာများအား လည်းကောင်း ဦးတည်တိုက်ခိုက်နေသူများအဖြစ် ပုံဖော်ဝါဒဖြန့်ချိခဲ့ကြောင်း သုံးသပ်နိုင် ပါသည်။







ပုံ (၁)။ တော်လှန်ရေး အင်အားစုများအား ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများ အဖြစ် ပုံဖော်ခြင်း။

[5] https://t.me/snowqueen023/45084


[6] https://t.me/kothetjournalist/59576







ပုံ (၂)။ တော်လှန်ရေး အင်အားစုများအား ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများ အဖြစ် ပုံဖော်ခြင်း။






ပုံ (၃)။ တော်လှန်ရေး အင်အားစုများအား ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသူများ အဖြစ် ပုံဖော်ခြင်း။

## (၂) တော်လှန်ရေး အင်အားစုများအား ဆန့်ကျင်ရှုတ်ချကြောင်း လှုပ်ရှားမှုများ။

အထက်တွင် ဖော်ပြခဲ့သည့် တော်လှန်ရေး အင်အားစုများမှ ဗုဒ္ဓဘာသာအပေါ် ဦးတည်တိုက်ခိုက်သူများအဖြစ် ဖော်ပြချက်များနည်းတူ အဆိုပါ ဖြစ်စဉ်များအပေါ် ဆန့်ကျင်ရှုတ်ချသည့် လှုပ်ရှားမှုဆိုင်ရာ သတင်းများကိုလည်း စောင့်ကြည့် လေ့လာမှုပြုခဲ့သော Telegram Channel များတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။ ထိုသို့ ဖော်ပြရာတွင် ဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒပြပွဲများ၊ သဘောထား ထုတ်ပြန်ချက်များအပြင် လက်ကမ်းစာစောင်များ ဖြန့်ချိခြင်းတို့ ပါဝင်ခဲ့ကြသည်။

ထို ဆန့်ကျင့်ရှုတ်ချကြောင်း ဆန္ဒပြပွဲများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမနှင့် ဒုတိယပတ်ကာလ အတွင်း၌လည်း မြန်မာနိုင်ငံအတွင်းရှိ မြို့အများအပြားတွင် လုပ်ဆောင်ခဲ့ကြပြီး ယခု လေ့လာမှုကာလအတွင်း တွင်လည်း ဆက်လက်လုပ်ဆောင်နေခြင်း ဖြစ်သည်။ ဆန့်ကျင်ဆန္ဒပြပွဲများကို ကချင်ပြည် မြစ်ကြီးနားမြို့[7]နှင့် ရှမ်းပြည် မိုင်းရှူးမြို့များ[8]တွင် ကျင်းပခဲ့ကြခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် သံဃာများ ဦးဆောင်သည့် အဆိုပါ ဆန္ဒပြပွဲများတွင် *"ဗုဒ္ဓဘာသာဝင်များ အထွဋ်အမြတ်ထားရာ စေတီပုထိုးများနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချခြင်း"* ဟူသော ခေါင်းစဉ်များဖြင့် လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် ဆန့်ကျင်ရှုတ်ချကြောင်း ကြေညာချက်များကိုလည်း အဖွဲ့အစည်းများမှ ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။ အဆိုပါ ထုတ်ပြန်ချက်များတွင်လည်းကောင်း၊ ထုတ်ပြန်ကြေညာချက်များနှင့် ပတ်သက်၍ သတင်းဖော်ပြချက်များတွင်လည်းကောင်း *"TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နမ့်ဆန်မြို့အဝင်ရှိ စေတီတစ်ဆူအား ဖြိုချဖျက်ဆီးပြီး ဌာပနာထည့်သွင်းပူဇော်ထားသည့် ရတနာများအား ယူဆောင်သွားမှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များထုတ်ပြန်"*[9] ဟူသော ခေါင်းစဉ်များဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဤဖော်ပြချက်များတွင်ပါဝင်သော အရေးကြီးသည့် ဖော်ပြချက်မှာ ဌာပနာ ဖောက်ထွင်းသူများအဖြစ် ပုံဖော်မှုဖြစ်ပြီး လက်နက်ကိုင်တော်လှန်ရေး အင်အားစုများနှင့် ဗုဒ္ဓဘာသာဝင်များအကြား ပိုမိုကွဲပြားမှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်လုပ်ဆောင် ဝါဒဖြန့်ချိမှုအဖြစ် သုံးသပ်နိုင်ပါသည်။ ထို့အပြင် "*ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်အထွဋ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာ အကြမ်းဖက် များ(MNDAA၊ TNLA၊ AA၊ PDF)ကို ဝိုင်းဝန်း*

---

[7] https://t.me/kyawswar49111/5149

[8] https://t.me/chapteronelionz/32941

[9] https://t.me/kyawswar49111/5428

*ဆန့်ကျင်တိုက်ထုတ်ကြပါစို့*'[10] ဟူသော လက်ကမ်းစာစောင်များ ပြည်သူများအကြားတွင် ထုတ်ဝေဖြန့်ချိ မှုများ ရှိခဲ့ပြီး အဆိုပါ လက်ကမ်းစာစောင်များကိုလည်း အဆိုပါ Telegram Channel များတွင် ထပ်မံ ဖြန့်ချိခဲ့ ကြသည်။







ပုံ (၄)။ တော်လှန်ရေး အင်အားစုများအား ဆန့်ကျင်ရှုတ်ချကြောင်း လှုပ်ရှားမှုများ။

[10] https://t.me/snowqueen023/45854





မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

၁။ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များကို ဖျက်ဆီး စော်ကားနေကြခြင်းကို တစ်နိုင်ငံလုံးက ကန့်ကွက်ရှုတ်ချနေသည့်ကြားက အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတစ်ဆူအား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးကာ စေတီအတွင်း ဌာပနာထားသည့် ပစ္စည်းများအား ယူဆောင်သွားကြောင်း သိရှိရသည်။

၂။ ထိုသို့ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်နေသည့် စေတီ၊ ပုထိုး၊ ဗုဒ္ဓဆင်းတုတော်များကိုဖျက်ဆီးသည့် လုပ်ရပ်များသည် ဗုဒ္ဓဘာသာဝင်အားလုံး၏ ကိုးကွယ်ယုံကြည်မှုကို ရိုင်းပြစော်ကားသည့် လုပ်ရပ်ဖြစ်သဖြင့် ၎င်းအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

ပုံ (၅)။ တော်လှန်ရေး အင်အားစုများအား ဆန့်ကျင်ရှုတ်ချကြောင်း လှုပ်ရှားမှုများ။






ပုံ (၆)။ တော်လှန်ရေး အင်အားစုများအား ဆန့်ကျင်ရှုတ်ချကြောင်း လှုပ်ရှားမှုများ။

## (၃) လူမျိုးရေး ပဋိပက္ခဖြစ်စေရန် ရည်ရွယ် ဝါဒဖြန့်ချိခြင်း။

လက်နက်ကိုင်တော်လှန်ရေး အင်အားစုများနှင့် အခြားသော လူမျိုးစုများအကြား လူမျိုးရေးဆိုင်ရာ ပဋိပက္ခများ ပေါ်ပေါက်စေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ လက်နက်ကိုင်တော်လှန်ရေး ဖြစ်စဉ်အား လူမျိုးရေး အသွင်ဆောင်သည့် လှုပ်ရှားမှုအဖြစ် ပုံဖော်နိုင်ရန် လည်းကောင်း ဝါဒဖြန့်ချိမှုများကိုလည်း လေ့လာမှုတွင် ပါဝင်သော Telegram Channel များတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ကြသည်။ ထိုသို့ ဖော်ပြရာတွင် ရှမ်းနီ လူမျိုးစုများနှင့် ကူးကီးအမျိုးသားများ တပ်မတော် (KNA/KNO)၊ ရှမ်းနီလူမျိုးစုများနှင့် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) ကြား၊ ချင်းလူမျိုး ခရစ်ယာန် ဘာသာဝင်များနှင့် ချင်းလူမျိုး ဗုဒ္ဓဘာသာဝင်များကြား၊ ရှမ်း လူမျိုးများနှင့် ညီနောင် မဟာမိတ် (၃) ဖွဲ့အကြား တို့တွင် ပဋိပက္ခများ ပေါ်ပေါက်စေရန် ရည်ရွယ် ဝါဒဖြန့်ချိ မှုများကို လုပ်ဆောင်ခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ သနန်ကျေးရွာမှ ရှမ်းနီလူမျိုး အမျိုးသား ၄ ဦးကို ကူးကီးအမျိုးသားများ တပ်မတော်(KNA/KNO)က ဇန်နဝါရီ ၁၃ ရက်နေ့တွင် ဖမ်းဆီးသတ်ဖြတ်လိုက်ကြောင်း သတင်းဖော်ပြချက်များကို စောင့်ကြည့်လေ့လာမှုတွင်ပါဝင်သော Telegram Channel များတွင် သတင်းဖော်ပြခဲ့ကြသည်။ အဆိုပါ သတင်းနှင့်အတူ ၂၀၂၃ခုနှစ် နိုဝင်ဘာလအတွင်း၌လည်း ရှမ်းနီလူမျိုး ၃၇ဦးအားလည်း KNA တပ်ဖွဲ့မှ သတ်ဖြတ်ခဲ့ကြောင်း[11] ဖော်ပြခဲ့ပြီး လူမျိုးရေးဆိုင်ရာ သတ်ဖြတ်မှုများအဖြစ် ပုံဖော်ခဲ့ကြခြင်း ဖြစ်သည်။ ထိုဖြစ်စဉ်အား ဆန့်ကျင်ကန့်ကွက်ရှုတ်ချပွဲတခုအားလည်း ဇန်နဝါရီလ ၂၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မောင်းခမ်းကျေးရွာတွင် ကျင်းပခဲ့သည်။[12] ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများမှ ဦးစီးကျင်းပ ခဲ့ခြင်းဖြစ်ပြီး "*အကြမ်းဖက်အဖွဲ့အစည်းများ၏ ရှမ်းနီတိုင်းရင်းသားများ အပေါ် လူမျိုးသုန်း သတ်ဖြတ်မှု များအား ကန့်ကွက်ရှုတ်ချ*" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) မှ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်အစပ် တုံပင်ရွာမှ ရှမ်းနီ လူငယ်များအား ဇန်နဝါရီ ၁၆ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းဖော်ပြချက်များကိုလည်း တွေ့ရှိရသည်။[13] အဆိုပါ သတင်းများတွင် အင်းတော်ကြီး အင်းဘေးတလျှောက်က ရှမ်းနီကျေးရွာများမှ တစ်ရွာလျှင် ရှမ်းနီလူငယ် ၃၀၀နီးကျင် ပေးရမည်ဟု ရွာသူကြီးများအား ဆင့်ခေါ်၍ လူသစ်စုဆောင်း လျက်ရှိကြောင်း ဖော်ပြခဲ့ကြသည်။ ထိုသို့ သတင်းဖော်ပြရာတွင် ရှမ်းနီလူမျိုးစုများနှင့် KIA ကြားတွင်

[11] https://t.me/snowqueen023/45049

[12] https://t.me/thiha11223344/21139

[13] https://t.me/kyawswar49111/5170

လူမျိုးရေးဆိုင်ရာ တင်မားမှုများ ပေါ်ပေါက်စေရန် ရည်ရွယ်ထားသော ဖော်ပြချက်များကို ထည့်သွင်းမှုများ ပြုလုပ်ထားသည်ကို တွေ့ရှိရသည်။ ဥပမာ အားဖြင့် *"ကချင်က ဘာကြောင့် ရှမ်းနီကို လူသစ်စုဆောင်း ရတာလည်း သူ့ လူမျိုး သူစုဆောင်းလေ၊ KIA အတွက် ရှမ်းနီက အသေခံပေးရမှာလား အသေခံပေးရတော့လည်း သူတို့ပဲ ကောင်းစားတာ။ ဒါကြောင့် ရှမ်းနီလူမျိုးတွေ ဒီအတိုင်း ငြိမ်ခံလို့မရဘူး။ ကိုယ့်လူမျိုး အဖွဲ့အစည်းတွေကို အားကောင်းအောင် ဝိုင်းဝန်း ထောက်ခံပေးဖို့လိုအပ်တယ်"* ဟူသော အမြင်များကို ထည့်သွင်း ဖော်ပြခြင်း ဖြစ်သည်။

ယခု လေ့လာမှု ကာလအတွင်း ချင်းလူမျိုး ခရစ်ယာန် ဘာသာဝင်များနှင့် ချင်းလူမျိုး ဗုဒ္ဓဘာသာဝင်များနှင့် ပတ်သက်၍ လူမျိုးရေးနှင့် ဘာသာရေး အခြေခံသော ဝါဒဖြန့်ချိမှုများကိုလည်း တွေ့ရှိရသည်။ အဆိုပါ ဖော်ပြချက်များတွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ အနီးရှိ ကျင်ဒွေးမြို့တွင် နေထိုင်သူအများစုမှာ ချင်းဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး အစိုးရ ဝန်ထမ်းများဖြစ်ကြောင်း၊ စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်းတွင် တော်လှန်ရေး အင်အားစုများမှ ၎င်းတို့အား ဒလန်အဖြစ် သတ်မှတ်မှုများရှိခဲ့ကြောင်းနှင့် နောက်ပိုင်းတွင် အဆိုပါ ချင်း ဗုဒ္ဓဘာသာဝင်များအား တော်လှန်ရေး အင်အားစုများမှ ဖမ်းဆီးခြင်းနှင့် သတ်ဖြတ်မှုများ လုပ်နေကြောင်း သတင်းအဖြစ် ဖော်ပြခဲ့သည်။[14] ထိုသို့ သတင်း ဖော်ပြရာတွင် အဆိုပါ ကန့်ပက်လက် ဒေသအတွင်း ချင်းလူမျိုး ခရစ်ယာန် ဘာသာဝင်များမှ ကျင်ဒွေးမြို့ရှိ ချင်းလူမျိုး ဗုဒ္ဓဘာသာဝင်များအပေါ် အမြင်မကြည်လင်မှုနှင့် မုန်းတီးမှုများရှိခြင်းကြောင့် ယခုအခါတွင် ဖမ်းဆီးသတ်ဖြတ်မှုများ ပြုလုပ်နေခြင်းဖြစ်သည်ဟူသည့် ပုံစံဖြင့် လူမျိုးရေးနှင့် ဘာသာရေး ဆိုင်ရာ တင်မားမှုများ၊ ပဋိပက္ခများ ဖြစ်စေရန် ဝါဒဖြန့်ချိမှုများ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ညီနောင် မဟာမိတ် (၃) ဖွဲ့နှင့် ရှမ်းလူမျိုးများအကြား ပဋိပက္ခများပေါ်ပေါက်စေရန် ရည်ရွယ်ဝါဒ ဖြန့်ချိမှုများကိုလည်း တွေ့ရှိရသည်။ ဥပမာအားဖြင့် *"ရှမ်းလူမျိုးတွေရဲ့ ကျွဲ၊ နွားတွေကိုလည်း သတ်ဖြတ် စားသောက် နေကြတယ်တဲ့ ဖက်ဆစ်ထက်ဆိုးတဲ့ ခေတ်သစ်ဖက်ဆစ် လူသတ်အကြမ်းဖက်သမား သူခိုးဓားပြတွေဆိုတာ MNDAA/TNLA/AA စတဲ့ သောင်းကျန်းသူတွေကို ခေါ်တယ်"*[15] ဟူသည့် ဖော်ပြချက်များဖြစ်သည်။ ထို့အပြင် SSPP/SSA အဖွဲ့မှ လူသစ်စုဆောင်းနေကြောင်း တင်ပြမှုများနှင့်အတူ *"SSPP/SSA အဖွဲ့က ရှမ်းလူမျိုးတွေကို ဒီလောက် ဒုက္ခပေးနေတဲ့ TNLA ပလောင်အကြမ်းဖက်အဖွဲ့ကိုတော့ ဘာမှပြန်မလုပ်ရဲဘူး လက်နက်မရှိတဲ့ ရှမ်းပြည်သူလူထုကိုခြိမ်းခြောက်ပြီး လူသစ်စုနေတယ်။"*[16] ဟူသော ဖော်ပြချက်ဖြင့် SSPP/AA နှင့် ညီနောင်မဟာမိတ် (၃) ဖွဲ့အကြား ပဋိပက္ခများ ပေါ်ပေါက်စေရန် ဦးတည် ဝါဒဖြန့်ချိမှုများကို လုပ်ဆောင်ခဲ့ခြင်း

[14] https://t.me/kyawswar49111/5974

[15] https://t.me/jsg969/18281

[16] https://t.me/shanstatenews/3953


ဖြစ်သည်။ ဤဖော်ပြချက်များသည် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများနှင့် ပြည်သူများအကြားတွင် လူမျိုးရေးဆိုင်ရာ ပဋိပက္ခများ ဖြစ်ပေါ်လာစေပြီး လက်ရှိရင်ဆိုင်နေရသော မြန်မာစစ်တပ်၏ စစ်ရေးဆိုင်ရာ ဖိအားများ လျော့ကြစေရန် ရည်ရွယ်လုပ်ဆောင်မှုများအဖြစ် သုံးသပ်နိုင်ပါသည်။









ပုံ (၇)။ လူမျိုးရေး ပဋိပက္ခဖြစ်စေရန် ရည်ရွယ် ဝါဒဖြန့်ချိခြင်း။




ပုံ (၈)။ လူမျိုးရေး ပဋိပက္ခဖြစ်စေရန် ရည်ရွယ် ဝါဒဖြန့်ချိခြင်း။







ပုံ (၉)။ လူမျိုးရေး ပဋိပက္ခဖြစ်စေရန် ရည်ရွယ် ဝါဒဖြန့်ချိခြင်း။

## (၄) ပြည်သူ့စစ် လှုပ်ရှားမှုများ။

မြန်မာစစ်တပ်၏ ပြည်သူ့စစ် လှုပ်ရှားမှုများနှင့် ပတ်သက်၍ ဤလေ့လာမှု ကာလအတွင်း သတင်းတင်ပြမှု များ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ပြည်သူ့စစ်အင်အားနှင့် ပတ်သက်၍ မြင့်မားသော ဂဏန်းများ ဖော်ပြလာခြင်း ဖြစ်သည်။ ပြည်သူ့စစ်အင်အားတိုးတက်လာ ခြင်းနှင့် ပတ်သက်၍ ၅၅၀ဆရာတော် ဦးဆောင်သည့် ကန့်ဘလူ ပြည်သူ့စစ် အဖွဲ့တွင် အင်အား တသောင်းခွဲကျော်ရှိလာပြီ[17] ဟူ၍ လည်းကောင်း၊ PNO ပြည်သူ့စစ် အဖွဲ့တွင် အင်အား ၈ သောင်းကျော်ခန့် လူ/လက်နက်များ အသင့်ဖြစ်ပြီ[18] ဟူ၍လည်းကောင်း ဝါဒဖြန့်ချိမှုများ လုပ်ဆောင်ကြခြင်း ဖြစ်သည်။ အဆိုပါ ပြည်သူ့စစ်အဖွဲ့ဝင်များအား လက်နက်တပ်ဆင်ပေးရန် မြန်မာစစ်တပ်အား တိုက်တွန်းသည့် သတင်းဖော်ပြချက်များကိုလည်း တွေ့ရှိရသည်။

ပြည်သူ့စစ်များကိုလက်နက်တပ်ဆင်ပေးရန် အရေးကြီးကြောင်းကို *"ပြည်သူ့စစ်သင်တန်းပေးတယ်။ သင်တန်းဆင်းတော့ လက်နက်လည်း မပေး၊ စစ်ကြောင်းလည်း တွဲဖက်မပေးပဲ ရွာကို ပြန်လွှတ်တော့ အသတ်ခံရတယ်။ ဒါတွေ မဖြစ်ဖို့က ပြည်သူ့စစ် process ကို ဂွင်းဆက်မပြတ်လုပ်ဆောင် ပေးဖို့ အရမ်းအရေးကြီးပါတယ်။ ယုံယုံကြည်ကြည် လက်နက်တတ်ဆင်ပေးပြီး စစ်ကြောင်းဖြင့်တွဲဖက်၍ ယုံယုံကြည်ကြည် လှုပ်ရှားစစ်တိုက်ခိုင်းကြပါ။"*[19] ဟူသည့် ရေးသားချက်များဖြင့် ဖော်ပြခြင်း ဖြစ်သည်။ လက်နက်အပြည့်အစုံမရှိသဖြင့် မြင်းခြံပြည်သူ့စစ်အင်အား ၂၆၀ကျော်ရှိသော်လည်း မြင်းခြံ၊ နထိုးကြီးနှင့် တောင်သာ မြို့နယ်များကို အပြည့်အဝ မစိုးမိုးနိုင် ဖြစ်နေပါကြောင်း ပြည်သူ့စစ်များအား လက်နက်ပေးရန် ရေးသားမှုများကိုလည်း တွေ့ရှိရသည်။[20] အလားတူ လားရှိုးမြို့တွင် မြန်မာစစ်တပ်မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်များကို စစ်သင်တန်းပေးခြင်းနှင့်အတူ မကြာခင် လက်နက်တပ်ဆင်မည်ဆိုပြီး သတင်းဖော်ပြချက်များကို တွေ့ရှိရသည်။[21] မြန်မာစစ်တပ်အနေဖြင့် ထိခိုက်ကျဆုံးမှုများကြောင့်လည်းကောင်း၊ လက်နက်ချခြင်း၊ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီး ခံရခြင်းနှင့် CDM လုပ်ဆောင်မှုများကြောင့် စစ်အင်အား လျော့ကျလာသည့် အခြေအနေနှင့် ရင်ဆိုင်နေရလျှက်ရှိသည်။ ထိုသို့သော အခြေအနေတွင် နယ်မြေထိန်းချုပ်နိုင်ရန် ပြည်သူ့စစ် များကို ပိုမိုအားကိုးလာလျှက်ရှိပြီး ပြည်သူ့စစ်အင်အားတောင့်တင်းလာပါက လက်နက်ကိုင်တော်လှန်ရေး အင်အားစုများကို တန်ပြန်ဖိအား ပေးနိုင်စေရန် အရေးကြီးသော စစ်ရေးဆိုင်ရာ အစီအမံတရပ်အဖြစ် အကောင်အထည်ဖော် လုပ်ဆောင်နေကြောင်း သုံးသပ်နိုင်ပါသည်။

---


[17] https://t.me/kyawswar49111/5413

[18] https://t.me/snowqueen023/46902

[19] https://t.me/kyawswar49111/5825

[20] https://t.me/kyawswar49111/5590


[21] https://t.me/aung4661/29328




ပုံ (၁၀)။ ပြည်သူ့စစ် လှုပ်ရှားမှုများ။




ပုံ (၁၁)။ ပြည်သူ့စစ် လှုပ်ရှားမှုများ။







ပုံ (၁၂)။ ပြည်သူ့စစ် လှုပ်ရှားမှုများ။